နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

---

# ဆိုက်ပရပ်စ်နိုင်ငံ၊
# ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်
# အကြောင်းလေ့လာတင်ပြခြင်း

---


တင်ပြသူ

ဒေါက်တာမေဆုလှိုင်

လက်ထောက်ညွှန်ကြားရေးမှူး

နိုင်ငံတကာဆက်ဆံရေးဌာနခွဲ



ရက်စွဲ။ ၂၀၂၂ ခုနှစ်၊ မေလ ၁၂ ရက်

နေပြည်တော်

Contents


နိဒါန်း ........................................................ ၁

နိုင်ငံရေးစနစ် ........................................................ ၂

အုပ်ချုပ်ရေး ........................................................ ၂

ဥပဒေပြုရေး ........................................................ ၂

တရားစီရင်ရေး ........................................................ ၃

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်ဖွဲ့စည်းခြင်း ........................................................ ၃

တရားသူကြီးများ၏အရည်အချင်းသတ်မှတ်ချက်များနှင့် ခန့်အပ်ခြင်း ........................................................ ၃

ရာထူးသက်တမ်း ........................................................ ၄

တာဝန်မှနုတ်ထွက်ခြင်းနှင့် ရပ်စဲခြင်း ........................................................ ၄

ကောင်စီ ........................................................ ၄

ကိုယ်စားဆောင်ရွက်ခြင်း ........................................................ ၅

စီရင်ပိုင်ခွင့် ........................................................ ၅

တင်သွင်းနိုင်သူများ ........................................................ ၈

အမှုစစ်ဆေးဆောင်ရွက်ခြင်း ........................................................ ၈

ဆုံးဖြတ်ချက်နှင့် အကျိုးသက်ရောက်မှု ........................................................ ၁၃

နိဂုံး ........................................................ ၁၃

ရည်ညွှန်းကိုးကားချက် ........................................................ ၁၃

## ဆိုက်ပရပ်စ်နိုင်ငံ

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ် အကြောင်းလေ့လာတင်ပြခြင်း

### နိဒါန်း

၁။ ဆိုက်ပရပ်စ် (Cyprus) နိုင်ငံသည် မြေထဲပင်လယ်အရှေ့ပိုင်းရှိ ယူရေးရှန်းကျွန်းနိုင်ငံ တစ်ခု ဖြစ်ပါသည်။ တူရကီနိုင်ငံ၏တောင်ဘက် မိုင် ၄၀ အကွာ၊ ဆီးရီးယားနိုင်ငံ၏ အနောက်ဘက် မိုင် ၆၀ အကွာ နှင့် လက်ဘနွန်နိုင်ငံ၏အနောက်ဘက်တွင် တည်ရှိပါသည်။ မြေထဲပင်လယ်အတွင်းတွင် တတိယမြောက်အကြီးဆုံးကျွန်းဖြစ်ပြီး ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်မှု အများဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ပိုင်နက်နယ်မြေမှာ ဆိုက်ပရပ်စ်ကျွန်းတစ်ကျွန်းလုံးနှင့် ဝန်းကျင်ရေပိုင်နက်များ ဖြစ်သည်။ ကျွန်း၏ အလျားမှာ ၁၄၅ မိုင်ခန့် ရှည်၍ အနံမှာ မိုင် ၆၀ ခန့်ရှိ၏။ အကျယ်အဝန်းအားဖြင့် စတုရန်းမိုင် ၃၅၇၂ ရှိသည်။ ကျွန်း၏ တောင်ဘက်ပိုင်းနှင့် မြောက်ဘက်ကမ်းခြေတွင် တောင်တန်းများ ရှိသည်။ ဆိုက်ပရပ်စ်သမ္မတနိုင်ငံသည် လက်ရှိအခြေအနေတွင် ကျွန်းတစ်ခုလုံး၏ ၅၉% ကို ပိုင်ဆိုင်သည်။ ကျန်သော နိုင်ငံမြောက်ပိုင်းမှ နယ်မြေများမှာ တူရကီနိုင်ငံ၏ အုပ်ချုပ်မှုအောက်တွင် ကျရောက်လျက်ရှိပြီး ယင်းဆိုက်ပရပ်စ် မြောက်ပိုင်းဒေသသည်လည်း မြောက်ပိုင်းဆိုက်ပရပ်စ်တူရကီသမ္မတနိုင်ငံ ဟု ကြေညာထားပြီး လက်ရှိအနေအထားတွင် တူရကီနိုင်ငံ တစ်ခုတည်းကသာ အသိအမှတ်ပြုထားပါသည်။[၁]




ဆိုက်ပရပ်စ်နိုင်ငံ၏ တည်နေရာမြေပုံ

[၁] https://en.wikipedia.org/wiki/Cyprus

၂။ ၁၉၆၀ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့သော ဆိုက်ပရပ်စ်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ကိုရေးဆွဲရာတွင် ဆိုက်ပရပ်စ်ပြည်သူများ ပါဝင်ခဲ့ခြင်းမရှိဘဲ ဗြိတိသျှနိုင်ငံ၊ တူရကီနိုင်ငံ၊ ဂရိနိုင်ငံတို့အကြားချုပ်ဆိုထားသည့် ဇူးရစ်နှင့်လန်ဒန်သဘောတူစာချုပ် (၁၉၅၉ ခုနှစ်) ကို အခြေခံ၍ ရေးဆွဲခဲ့ပါသည်။ ထို့ကြောင့် ၁၉၆၃ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ပြိုကျ ခဲ့ရ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအတွက် ပါဝင်ဆောင်ရွက် ခဲ့ရပါသည်။[၂]

## နိုင်ငံရေးစနစ်

၃။ ဆိုက်ပရပ်စ်နိုင်ငံသည် တပြည်ထောင်စနစ်ကျင့်သုံးသောနိုင်ငံဖြစ်ပါသည်။ အစိုးရ ဖွဲ့စည်းမှုပုံစံမှာ သမ္မတစနစ်ကျင့်သုံးသည့်နိုင်ငံဖြစ်ပါသည်။ ဆိုက်ပရပ်စ်နိုင်ငံသည် ဗြိတိသျှ ကိုလိုနီနိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည့်အတွက် ဥပဒေကျင့်သုံးမှုပုံစံမှာမူ အင်္ဂလိပ်ရိုးရာဥပဒေ စနစ် ကို ကျင့်သုံးပါသည်။

## အုပ်ချုပ်ရေး

၄။ ဆိုက်ပရပ်စ်နိုင်ငံတွင် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်အကြီးအကဲနှင့် အစိုးရ အကြီးအကဲလည်းဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကို တိုက်ရိုက်လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် သမ္မတရာထူးသက်တမ်း ၅ နှစ် အတွက်ရွေးချယ်ပါသည်။ လူမျိုးစုနွယ်အဖွဲ့အစည်း ၂ ခု ပါဝင်သော ဗဟိုအစိုးရတစ်ရပ် ရှိပါသည်။ ယင်းလူမျိုးစုနွယ် အဖွဲ့အစည်း ၂ ခုမှာ ဂရိလူမျိုးစု နွယ်အဖွဲ့အစည်း (Greek Communal Chamber) နှင့် တူရကီ လူမျိုးစုနွယ် အဖွဲ့အစည်း (Turkish Communal Chamber) တို့ ဖြစ်ကြပြီး ယင်းအဖွဲ့အစည်း ၂ ရပ်တွင် ပညာရေး၊ ယဉ်ကျေးမှု၊ ဘာသာရေး ကိစ္စရပ်များနှင့် လူမျိုးအုပ်စုသဘာဝအရအခြားကိစ္စရပ်များအပေါ် ဥပဒေပြုခွင့် ကိုပေးအပ်ထားပါသည်။ သို့ရာတွင် ၁၉၆၃ ခုနှစ် ဖြစ်ပွားခဲ့သော ပြဿနာများ ကြောင့် ဂရိလူမျိုးအုပ်စု အဖွဲ့အစည်းကို ဖျက်သိမ်းခဲ့ပြီး တူရကီလူမျိုးအုပ်စု အဖွဲ့အစည်းမှာမူ လုပ်ငန်း ဆောင်ရွက် နိုင်ခြင်းမရှိတော့ချေ။ လက်ရှိတွင် ဗဟိုအစိုးရကသာ အခွင့်အာဏာများ ကို ကိုင်ဆောင် ကျင့်သုံး လျက်ရှိပါသည်။[၃]

## ဥပဒေပြုရေး

၅။ ဆိုက်ပရပ်စ်နိုင်ငံ၏ ဥပဒေပြုရေးစနစ်သည် လွှတ်တော်တစ်ရပ်ဖြင့်သာ ဥပဒေပြု သည့်စနစ် ကိုကျင့်သုံးပါသည်။ လွှတ်တော်ကို လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ၅၀ ဦးဖြင့်

[၂] Gerhard Robbers, Encyclopaedia of World Constitutions, Cyprus, Pg.240

[၃] Gerhard Robbers, Encyclopedia of World Constitutions, Cyprus, Pg.241

ဖွဲ့စည်းထားပြီး စုစုပေါင်းလွှတ်တော်ကိုယ်စားလှယ်၏ ၇၀ ရာခိုင်နှုန်းသောအရေအတွက်ကို ဂရိဆိုက်ပရပ်စ်လူမျိုးစုအုပ်စုမှ သီးခြားရွေးချယ်၍ ကျန် ၃၀ ရာခိုင်နှုန်းသောအရေအတွက်ကို မူ တူရကီဆိုက်ပရပ်စ်လူမျိုးစုအုပ်စုမှ ရွေးချယ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်၏ သက်တမ်းမှာ ၅ နှစ်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များကို လွတ်လပ်၍တရားမျှတသော တိုက်ရိုက်ရွေးကောက်ပွဲများဖြင့် ရွေးချယ်ပါသည်။ သို့ရာတွင် ၁၉၆၄ ခုနှစ်မှစ၍ တူရကီ ဆိုက်ပရပ်စ်လူမျိုးစုလွှတ်တော်ကိုယ်စားလှယ်များ၏ နေရာများမှာ လစ်လပ်လျက် ရှိပါ သည်။[၆]

## တရားစီရင်ရေး

၆။ ဆိုက်ပရပ်စ်နိုင်ငံ၏ တရားစီရင်ရေးသည် လွတ်လပ်သောတရားစီရင်ရေးစနစ်ကို ကျင့်သုံးပါသည်။ ၁၉၆၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆိုက်ပရပ်နိုင်ငံ၏ တရားစီရင်ရေး မဏ္ဍိုင်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးချုပ်(Supreme Constitutional Court)၊ တရားလွှတ်တော် (High Court) နှင့် လက်အောက်ခံတရားရုံးများပါဝင်ပါသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားစီရင်ရေးနှင့်စပ်လျဉ်း၍ ဆိုက်ပရပ်စ်နိုင်ငံ၏ ၁၉၆၀ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုင်း ၉ ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ် ခေါင်းစဉ်ဖြင့် အပိုဒ် ၁၃၃ မှ ၁၅၁ အထိ ပြဋ္ဌာန်းထားပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်ဖွဲ့စည်းခြင်း

၇။ ဆိုက်ပရပ်စ်နိုင်ငံ၏ ၁၉၆၀ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာတရားရုံးချုပ်ကို တရားသူကြီး ၃ ဦး ဖြင့် ဖွဲ့စည်းပါသည်။ ယင်းတို့မှာ ဂရိလူမျိုးစုနွယ် တရားသူကြီးတစ်ဦး၊ တူရကီလူမျိုးစုနွယ် တရားသူကြီး တစ်ဦး နှင့် ကြားနေတရားသူကြီး တစ်ဦး တို့ဖြစ်ပြီး ကြားနေတရားသူကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရပါသည်။ [၇]

## တရားသူကြီးများ၏အရည်အချင်းသတ်မှတ်ချက်များနှင့် ခန့်အပ်ခြင်း

၈။ ကြားနေတရားသူကြီးသည် ဂရိနိုင်ငံသား သို့မဟုတ် တူရကီနိုင်ငံသား သို့မဟုတ် ဗြိတိန်နိုင်ငံနှင့် ၎င်း၏ကိုလိုနီနိုင်ငံများ နိုင်ငံသား မဖြစ်စေရ။ သို့သော် တူရကီလူမျိုးစုနွယ်

---

[၆] Gerhard Robbers, Encyclopedia of World Constitutions, Cyprus, Pg.240

[၇] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၁) အပိုဒ်ခွဲငယ်(၁)

တရားသူကြီး နှင့် ဂရိလူမျိုးစုနွယ်တရားသူကြီးတို့သည် ဆိုက်ပရပ်စ်နိုင်ငံသားဖြစ်ရမည် ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ဖော်ပြထားပါသည်။[၆]

၉။ ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ် ဥက္ကဋ္ဌ နှင့် တရားသူကြီးများကို ဥပဒေပညာရပ်ကျွမ်းကျင်၍ ကိုယ်ကျင့်သိက္ခာပြည့်စုံသော ရှေ့နေများအတွင်းမှ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့က ပူးတွဲ၍ ခန့်အပ်ပါသည်။[၇]

## ရာထူးသက်တမ်း

၁၀။ ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ် ဥက္ကဋ္ဌ၏ ရာထူးသက်တမ်းမှာ ၆ နှစ်ဖြစ်ပါသည်။[၈] ကျန်တရားသူကြီးများသည် တရားစီရင်ရေးမဏ္ဍိုင်၏ အမြဲတမ်းအဖွဲ့ဝင်များဖြစ်၍ ရာထူးသက်တမ်းမှာမူ အသက် ၆၈ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်နိုင်ပါသည်။[၉]

## တာဝန်မှနုတ်ထွက်ခြင်းနှင့် ရပ်စဲခြင်း

၁၁။ ဥက္ကဋ္ဌ၊ ဂရိလူမျိုးစုနွယ်တရားသူကြီး သို့မဟုတ် တူရကီလူမျိုးစုနွယ်တရားသူကြီးတို့သည် စိတ်ပိုင်းဆိုင်ရာအားနည်းခြင်းကြောင့်ဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာ ချို့ယွင်းခြင်း ကြောင့်ဖြစ်စေ၊ မျက်စိ၊ နား တို့၏ အားနည်းခြင်းကြောင့်ဖြစ်စေ အမြဲတမ်း သို့မဟုတ် ကာလအပိုင်းအခြားအတွင်း ၎င်းတို့၏ ရာထူးတာဝန်ကို စွမ်းဆောင်နိုင်ခြင်းမရှိပါက ရာထူးတာဝန်မှ အနားယူရမည် ဖြစ်သည်။ ယင်းသို့ အနားယူရပါက ဥပဒေကပေးအပ်ထားသည့် လစာဝင်ငွေနှင့် အခြား သော အကျိုးခံစားခွင့်အားလုံးကို ခံစားပိုင်ခွင့်ရှိပါသည်။[၁၀]

၁၂။ သို့ရာတွင် ဥက္ကဋ္ဌ၊ ဂရိလူမျိုးစုနွယ်တရားသူကြီး သို့မဟုတ် တူရကီလူမျိုးစုနွယ်တရားသူကြီးတို့သည် အကျင့်သိက္ခာပျက်ပြားပါက ရာထူးမှ ထုတ်ပယ်ခြင်းခံရမည်ဖြစ်ပါသည်။[၁၁]

## ကောင်စီ

၁၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ် ဥက္ကဋ္ဌနှင့် တရားသူကြီးများ၏ ရာထူးမှအငြိမ်းစားယူခြင်း၊ ထုတ်ပယ်ခြင်းနှင့် ခန့်အပ်မှုစသည့်ကိစ္စရပ်များကို ဆောင်ရွက်ရန်အတွက်

---

[၆] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၃)
[၇] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၅)
[၈] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၆) အပိုဒ်ခွဲငယ်(၁)
[၉] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၇) အပိုဒ်ခွဲငယ်(၁)
[၁၀] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၇) အပိုဒ်ခွဲငယ်(၃)
[၁၁] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၇) အပိုဒ်ခွဲငယ်(၄)

တရားလွှတ်တော်ဥက္ကဋ္ဌမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ တရားလွှတ်တော်မှ ဂရိလူမျိုးစုနွယ်တရားသူကြီး သို့မဟုတ် တူရကီလူမျိုးစုနွယ်တရားသူကြီးတို့အနက် ဝါရင့်တရားသူကြီးများက အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်သော ကောင်စီအဖွဲ့ရှိပါသည်။[၁၂] အဆိုပါကောင်စီမှ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်ဥက္ကဋ္ဌ၏ အငြိမ်းယူခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးခန့်အပ်မှုပြီးဆုံးခြင်းတို့ကို လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်မှ ဂရိလူမျိုးစုနွယ်တရားသူကြီး သို့မဟုတ် တူရကီလူမျိုးစုနွယ်တရားသူကြီးတို့၏ ရာထူးမှ အနားယူခြင်းနှင့် တာဝန်မှ ရပ်စဲခြင်းကိစ္စတို့ကိုလည်းကောင်း ဆုံးဖြတ်နိုင်ပါသည်။ အဆိုပါကောင်စီ၏ ဆောင်ရွက်မှုသည် တရားစီရင်ရေး သဘောသဘာဝအတိုင်းဖြစ်၍ သက်ဆိုင်ရာ တရားသူကြီးများသည် ကောင်စီရှေ့မှောက်တွင် ၎င်း၏အမှုကိစ္စနှင့်စပ်လျဉ်း၍ တင်ပြခွင့်၊ ကြားနာခွင့်တို့ကို ရရှိမည်ဖြစ်ပါသည်။[၁၃] ကောင်စီ၏ ဆုံးဖြတ်ချက်ကို များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ပြီး နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့အပေါ် စည်းနှောင်မှုရှိပါသည်။ [၁၄]

## ကိုယ်စားဆောင်ရွက်ခြင်း

၁၄။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ် ဥက္ကဋ္ဌ၊ ဂရိလူမျိုးစုနွယ်တရားသူကြီး သို့မဟုတ် တူရကီလူမျိုးစုနွယ်တရားသူကြီးတို့သည် တာဝန်မှ ယာယီပျက်ကွက်သည့်အခါ သို့မဟုတ် ယာယီ မစွမ်းဆောင်နိုင်သည့်အခါ တရားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တရားလွှတ်တော်မှ ဂရိလူမျိုးစုနွယ် တရားသူကြီး သို့မဟုတ် တူရကီလူမျိုးစုနွယ်တရားသူကြီးတို့အနက် ဝါရင့်တရားသူကြီးများက ယင်းမထမ်းဆောင်နိုင်သည့် ကာလအတွင်း ကိုယ်စားဆောင်ရွက်ရမည် ဖြစ်ပါသည်။[၁၅]

## စီရင်ပိုင်ခွင့်

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်တွင် အောက်ဖော်ပြပါကိစ္စရပ်များကို စစ်ဆေးဆုံးဖြတ်နိုင်သည့်အခွင့်အာဏာရှိပါသည်-

(က) ဥပဒေ သို့မဟုတ် လွှတ်တော်၏ဆုံးဖြတ်ချက် သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက် တစ်ခုခုသည် လူမျိုးစုအုပ်စုနှစ်ခုကို ခွဲခြားဆက်ဆံမှုဖြစ်စေသည့်ကိစ္စ[၁၆]

---

[၁၂] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၈) အပိုဒ်ခွဲငယ်(၁) နှင့် (၂)

[၁၃] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၈) အပိုဒ်ခွဲငယ်(၃)

[၁၄] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၈) အပိုဒ်ခွဲငယ်(၄)

[၁၅] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၃၊ အပိုဒ်ခွဲ(၉)

[၁၆] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၇

(ခ) လွှတ်တော်မှအတည်ပြုချမှတ်သည့် ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းတွင် လူမျိုးစုနွယ်အုပ်စုနှစ်ခုကို ခွဲခြား ဆက်ဆံမှုရှိသည့်ကိစ္စ[၁၇]

(ဂ) လွှတ်တော်နှင့် လူမျိုးစုနွယ်အုပ်စုအဖွဲ့များအကြား သို့မဟုတ် အဖွဲ့အစည်းများအကြား သို့မဟုတ် အာဏာပိုင်များအကြား ပေါ်ပေါက်လာသည့် လုပ်ပိုင်ခွင့်အာဏာများနှင့်စပ်လျဉ်းသည့်အငြင်းပွားမှုကိစ္စ[၁၈]

(ဃ) လွှတ်တော်၏ ဆုံးဖြတ်ချက် သို့မဟုတ် ဥပဒေများကို အတည်ပြု ပြဋ္ဌာန်းခြင်းမပြုမီ အဆိုပါဆုံးဖြတ်ချက်နှင့် ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥရောပသမဂ္ဂဥပဒေတို့နှင့် ညီညွတ်မှု ရှိ မရှိနှင့် လူမျိုးစုနွယ်အုပ်စုတို့အကြား ခွဲခြားဆက်ဆံမှု ဖြစ်စေခြင်း ရှိ မရှိ ကိစ္စ[၁၉]

(င) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၅ တွင်ပေးအပ်ထားသည့် အခွင့်အရေးများအပေါ် ကန့်သတ်ချက်များ၊ သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများအားသတ်မှတ်သည့် ဥပဒေတစ်ရပ်ရပ်ကို ပြဋ္ဌာန်းခြင်းကိစ္စ[၂၀]

(စ) ဂရိလူမျိုးစုနွယ်အဖွဲ့ကချမှတ်သည့် ဥပဒေ၊ ဆုံးဖြတ်ချက်နှင့် တူရကီလူမျိုးစုနွယ်အဖွဲ့က ချမှတ်သည့်ဥပဒေ၊ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ ကိစ္စ[၂၁]

(ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၆၈ အရ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်သည် လွှတ်တော်အသစ်မစတင်မီ မမျှော်လင့်သောအကြောင်းအရာများကြောင့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ခြင်းနှင့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ခြင်းကြောင့်ပေါ်ပေါက်လာသည့် အငြင်းပွားမှုကိစ္စ[၂၂]

(ဇ) တရားရုံးတစ်ရုံးတွင် အမှုစစ်ဆေးဆောင်ရွက်နေစဉ်အတွင်း ဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဆုံးဖြတ်ရန်ပေါ်ပေါက်လာသည့်ကိစ္စ[၂၃]

---

[၁၇] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၈
[၁၈] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၉
[၁၉] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၀
[၂၀] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၁
[၂၁] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၂
[၂၂] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၃
[၂၃] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၄

(ဈ) နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ လွှတ်တော်ကိုယ်စားလှယ်များ သို့မဟုတ် လူမျိုးအုပ်စုအဖွဲ့များ၏ ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရွေးကောက်ပွဲဆိုင်ရာ တိုင်တန်းချက်ကိစ္စ[၂၄]

(ည) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများကပေးအပ်ထားသည့် အခွင့်အာဏာများကို ပိုမိုကျင့်သုံးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်းဖြင့် အုပ်ချုပ်ရေးအာဏာပိုင်များ၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့်တိုင်တန်းချက်ကိစ္စ[၂၅]

(ဋ) နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တို့သည် ၎င်း၏ရာထူးတာဝန်ကို အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေစွမ်းဆောင်နိုင်ခြင်းမရှိခြင်းနှင့်စပ်လျဉ်းသည့် ကိစ္စ [၂၆]

(ဌ) ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေစာသားနှစ်ခုဖြစ်သော ၁၉၆၀ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် နီကိုရှားမြို့တွင်လက်မှတ်ရေးထိုးခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းပါစာသားများနှင့် ဂရိနိုင်ငံ၊ တူရကီနိုင်ငံ၊ ဂရိဆိုက်ပရပ်စ်လူမျိုးစုနှင့် တူရကီဆိုက်ပရပ်စ်လူမျိုးစုများမှ ကိုယ်စားလှယ်များက ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင်လက်မှတ်ရေးထိုးထားသည့် ဇူးရစ်သဘောတူစာချုပ်နှင့် ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုးထားသည့် လန်ဒန်သဘောတူစာချုပ်တို့၏ အနှစ်သာရနှင့် စာသားအလေးထား၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပူးပေါင်းကော်မတီတွင် အတူတကွ လက်မှတ်ရေးထိုးထားသည့်ပြင်ဆင်ချက်ဇယားများအကြားအငြင်းပွားမှုကိစ္စ [၂၇]

(ဍ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်အပေါ် မထီမဲ့မြင်ပြုခြင်းကိစ္စနှင့် စပ်လျဉ်း၍ အရေးယူနိုင်ခြင်းကိစ္စ[၂၈]

---

[၂၄] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၅

[၂၅] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၆

[၂၆] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၇

[၂၇] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၉

[၂၈] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅၀

(ဃ) ပြည်သူ့ဝန်ဆောင်မှုကော်မရှင်က လွှဲအပ်လာသည့် ခန့်အပ်ခြင်းနှင့် ရာထူးနေရာလစ်လပ်ခြင်းဆိုင်ရာအမှုကိစ္စများ[၂၉]

တို့ဖြစ်ပါသည်။

**တင်သွင်းနိုင်သူများ**

၁၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်သို့ အမှုတင်သွင်းနိုင်သူများကို အမှုကိစ္စအလိုက်သီးခြားစီသတ်မှတ်ဖော်ပြထားပါသည်။ တင်သွင်းနိုင်သူများမှာ-

(က) နိုင်ငံတော်သမ္မတ

(ခ) ဒုတိယသမ္မတ

(ဂ) လွှတ်တော်ဥက္ကဋ္ဌ

(ဃ) လူမျိုးအုပ်စုအဖွဲ့အစည်း တစ်ခုချင်း

(င) အငြင်းပွားမှုတွင်ပါဝင်သည့် အဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်များ

(စ) လွှတ်တော်အသစ်၏ ကိုယ်စားလှယ်စုစုပေါင်း ၅ ပုံ ၁ ပုံ အရေအတွက်ရှိသောကိုယ်စားလှယ်များ၊

(ဆ) တရားဝင်အကျိုးခံစားခွင့်ရှိသော လူပုဂ္ဂိုလ်တစ်ဦး

(ဇ) ရှေ့နေချုပ်

(ဈ) ဒုတိယရှေ့နေချုပ်

တို့က သတ်မှတ်ထားသည့် အမှုအမျိုးအစားအလိုက်တင်သွင်းခွင့်ရှိပါသည်။

**အမှုစစ်ဆေးဆောင်ရွက်ခြင်း**

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးချုပ်သည် အမှုများကို ကြားနာစစ်ဆေးခြင်းကိုအများပြည်သူရှေ့မှောက်တွင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ရာတွင် နိုင်ငံတော်လုံခြုံရေးသို့မဟုတ် ပြည်သူကိုယ်ကျင့်သိက္ခာနှင့် သက်ဆိုင်သည့်ကိစ္စရပ်များနှင့်ဆက်စပ်သည့်အခါအမှုသည်များနှင့် တရားရုံးအရာရှိများရှေ့မှောက်တွင်သာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။[၃၀]

[၂၉] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅၁
[၃၀] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၄

၁၈။ ဥပဒေ သို့မဟုတ် လွှတ်တော်၏ဆုံးဖြတ်ချက် သို့မဟုတ် ဥပဒေပြဋ္ဌာန်းချက် တစ်ခုခုသည် လူမျိုးစုအုပ်စုနှစ်ခုကို ခွဲခြားဆက်ဆံမှုဖြစ်စေသည့်ကိစ္စရပ်နှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည် တစ်ဦးချင်းကဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်ထံသို့ အမှုတင်သွင်းခွင့်ရှိပါသည်။ အဆိုပါကိစ္စရပ်ကို ယင်းဥပဒေ သို့မဟုတ် ဆုံးဖြတ်ချက်တို့ကို အတည်ပြုချမှတ်သည့်နေ့မှ ရက်ပေါင်း ၇၅ ရက်အတွင်း တင်သွင်းရမည်ဖြစ်ပြီး အဆိုပါတင်သွင်းမှုနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့က နိုင်ငံတော်ပြန်တမ်းတွင် ၂၄ နာရီအတွင်း ထုတ်ပြန်ရမည်ဖြစ်ပါသည်။ ထိုသို့နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာပြီးနောက် ယင်းဥပဒေ သို့မဟုတ် ဆုံးဖြတ်ချက်များအရ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်က ဆုံးဖြတ်ချက်မချမှတ်မီအချိန်အထိ ရပ်ဆိုင်းထားရမည်ဖြစ်ပါသည်။ အဆိုပါတင်သွင်းမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်က အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လွှတ်တော်သို့ ပြန်လည်သုံးသပ်ရန်ပေးပို့ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။ ဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်သည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်က ဆုံးဖြတ်ပါက ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှစ၍ ယင်းဥပဒေ၏ ပျက်ပြယ်မှုသည် အတည်ဖြစ်ကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၇ တွင် ဖော်ပြထားပါသည်။

၁၉။ လွှတ်တော်မှအတည်ပြုချမှတ်သည့် ဘဏ္ဍာငွေအရအသုံးစရိတ်တွင် လူမျိုးစုအုပ်စုနှစ်ခုကို ခွဲခြားဆက်ဆံမှုရှိသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော် သမ္မတနှင့် ဒုတိယသမ္မတတို့သည် တစ်ဦးချင်းကဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ ယင်းတို့၏ လုပ်ပိုင်ခွင့်နှင့်အညီ လွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်။ သို့ရာတွင် လွှတ်တော်က ၎င်း၏ ဆုံးဖြတ်ချက်အတိုင်းဆက်လက်ထားရှိပါက နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်သို့ အမှုတင်သွင်းနိုင်ပါသည်။ အဆိုပါကိစ္စရပ်ကို နိုင်ငံတော်သမ္မတက ဥပဒေများအား အတည်ပြုရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ကာလဖြစ်သော ရက်ပေါင်း ၁၅ ရက်အတွင်း တင်သွင်းရမည် ဖြစ်ပြီး အဆိုပါတင်သွင်းမှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်က အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် လွှတ်တော်သို့ ပြန်လည်သုံးသပ်ရန်ပေးပို့ခြင်းများကို ဆောင်ရွက်နိုင်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့ထံ ချက်ချင်းသိပေးရမည်ဖြစ်ပါကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၃၈ တွင် ဖော်ပြထားပါသည်။

၂၀။ လွှတ်တော်နှင့် လူမျိုးအုပ်စုအဖွဲ့များအကြား သို့မဟုတ် အဖွဲ့အစည်းများ အကြား သို့မဟုတ် အာဏာပိုင်များအကြား ပေါ်ပေါက်လာသည့် လုပ်ပိုင်ခွင့် အာဏာများနှင့် စပ်လျဉ်းသည့်အငြင်းပွားမှုကိစ္စများကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ လွှတ်တော်၊ လူမျိုးစုနွယ်အုပ်စုအဖွဲ့အစည်းနှင့် အငြင်းပွားမှုတွင်ပါဝင်သော အဖွဲ့အစည်းများသို့မဟုတ် အာဏာပိုင်များက တင်သွင်းနိုင်ပါသည်။ သို့ရာတွင် တရားရုံးများ သို့မဟုတ် တရားစီရင်ရေး အာဏာပိုင်များအကြားဖြစ်ပွားသော အငြင်းပွားမှုများကို တရားလွှတ်တော်ကသာ ဆုံးဖြတ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်၏ လုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်ကသာ စီရင်ဆုံးဖြတ်ပါသည်။ အဆိုပါကိစ္စရပ်ကို အငြင်းပွားမှုများပေါ်ပေါက်သည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်ဖြစ်ပါသည်။ အမှုနှင့်စပ်လျဉ်းသည့် ဥပဒေ၊ ဆုံးဖြတ်ချက်၊ ဆောင်ရွက်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်က ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုမီအချိန်အထိ ရပ်ဆိုင်းထားရမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်သည် အမှုနှင့်စပ်လျဉ်းသည့် ဥပဒေ၊ ဆုံးဖြတ်ချက်၊ ဆောင်ရွက်မှုများကို ပျက်ပြယ်သည်ဟု ဆုံးဖြတ်ပါက အငြင်းပွားမှုစတင်ပေါ်ပေါက်သည့်အချိန်မှစတင်၍ အကျိုးသက်ရောက်ပါသည်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၃၉ တွင်ဖော်ပြထားပါသည်။

၂၁။ လွှတ်တော်၏ ဆုံးဖြတ်ချက် သို့မဟုတ် ဥပဒေများကို အတည်ပြု ပြဋ္ဌာန်းခြင်း မပြုမီ အဆိုပါဆုံးဖြတ်ချက်၊ ဥပဒေများ နှင့် ဥပဒေပြဋ္ဌာန်းချက်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥရောပသမဂ္ဂဥပဒေနှင့် လူမျိုးအုပ်စုတို့အကြားခွဲခြားဆက်ဆံမှု ဖြစ်စေသည်ဟု ထင်မြင်ယူဆပါက နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ စိစစ်နိုင်ရန်အတွက် လွှဲအပ်နိုင်ပါသည်။ အဆိုပါလွှဲအပ်မှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်က ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ဥရောပသမဂ္ဂဆိုင်ရာ ဥပဒေများနှင့် ညီညွတ်မှုမရှိဟု သဘောထားထင်မြင်ချက်ပေးပါက အဆိုပါဥပဒေ၊ ဆုံးဖြတ်ချက်များကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့က အတည်ပြုပြဋ္ဌာန်းခြင်းကို ဆောင်ရွက်ခြင်း မပြုရပေ။[၃၁]

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၅ တွင်ပေးအပ်ထားသည့် အခွင့်အရေးများအပေါ် ကန့်သတ်ချက်များ၊ သတ်မှတ်ချက်များ၊ လုပ်ထုံးလုပ်နည်းများအား သတ်မှတ်သည့်ဥပဒေ တစ်ရပ်ရပ်ပြဋ္ဌာန်းခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတနှင့်ဒုတိယသမ္မတတို့သည် အဆိုပါ ဥပဒေသည် လူမျိုးအုပ်စုအဖွဲ့အစည်းနှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ဆန့်ကျင်သည်

---

[၃၁] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၄၀

ဟု ယူဆပါက ဥပဒေမပြဋ္ဌာန်းမီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ လွှဲအပ်နိုင်ပါသည်။ အဆိုပါလွှဲအပ်မှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်က ကန့်သတ်ချက်၊ သတ်မှတ်ချက်များသည် အများပြည်သူအတွက်မဟုတ်ဟု သဘောထား ထင်မြင်ချက်ပေးပါက အဆိုပါကန့်သတ်ချက်များ၊ သတ်မှတ်ချက်များကို နိုင်ငံတော်သမ္မတနှင့် ဒုတိယ သမ္မတတို့က အတည်ပြုပြဋ္ဌာန်းခြင်းကို ဆောင်ရွက်ခြင်းမပြုရပေ။[၃၂]

၂၃။ နိုင်ငံတော်သမ္မတသည် ဂရိလူမျိုးစုနွယ်အဖွဲ့ကချမှတ်သည့် ဥပဒေ၊ ဆုံးဖြတ်ချက်များ အပေါ်တွင်လည်းကောင်း၊ ဒုတိယသမ္မတသည် တူရကီလူမျိုးစုနွယ်အဖွဲ့က ချမှတ်သည့် ဥပဒေ၊ ဆုံးဖြတ်ချက်များအပေါ်တွင်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု မရှိဟု ထင်မြင်ယူဆပါက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးသို့ စစ်ဆေးနိုင်ရန် လွှဲအပ်နိုင်ပါသည်။ အဆိုပါလွှဲအပ်မှုအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်က ကန့်သတ်ချက်၊ သတ်မှတ်ချက်များသည် အများပြည်သူအတွက်မဟုတ်ဟု သဘောထား ထင်မြင်ချက်ပေးပါက အဆိုပါဥပဒေ၊ ဆုံးဖြတ်ချက်များကို နိုင်ငံတော်သမ္မတ နှင့် ဒုတိယသမ္မတတို့က ထုတ်ပြန်ကြေညာချင်းမပြုရဟု ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၂ တွင်ဖော်ပြ ထားပါသည်။

၂၄။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၆၈ အရ ဆောင်ရွက်လျက်ရှိသည့် လွှတ်တော်သည် လွှတ်တော်အသစ်မစတင်မီ တာဝန်များကိုဆက်လက်ဆောင်ရွက်ရာတွင် မမျှော်လင့်သော အကြောင်းအရာများကြောင့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းခဲ့ခြင်းနှင့် ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ခြင်းကြောင့် ပေါ်ပေါက်လာသည့် အငြင်းပွားမှုကိစ္စများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် လွှတ်တော်အသစ်မှ ကိုယ်စားလှယ်စုစုပေါင်း၏ အနည်းဆုံးသော ၅ ပုံ ၁ ပုံ အရေအတွက်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်သို့ အမှုတင်သွင်းနိုင်ပါသည်။ အဆိုပါကိစ္စရပ်ကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့ကတင်သွင်းပါက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဥပဒေများအား အတည်ပြုရန်အတွက် သတ်မှတ်ထားသည့် ကာလဖြစ်သော ရက်ပေါင်း ၁၅ ရက်အတွင်း တင်သွင်းရမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်များကတင်သွင်းပါက လွှတ်တော်အသစ်၏ ပထမအကြိမ် အစည်းအဝေးစတင်သည့်နေ့ရက်မှ ရက်ပေါင်း ၁၅ ရက်နေ့အတွင်း တင်ပြရမည်ဖြစ်ပါသည်။ အဆိုပါလွှဲအပ်မှုနှင့်စပ်လျဉ်းသည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်၏ဆုံးဖြတ်ချက်ကို နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌတို့ထံသို့ ချက်ချင်း အသိပေးရမည်ဖြစ်ပါကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၃ တွင်ဖော်ပြထားပါသည်။

[၃၂] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ် ၁၄၁

၂၅။ အမှုသည်တစ်ဦးဦးသည် တရားရုံးတစ်ရုံးတွင် အမှုစစ်ဆေးဆောင်ရွက်နေစဉ်အတွင်း ယင်းအမှုနှင့်သက်ဆိုင်သည့် ဥပဒေတစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှု ရှိ မရှိ ဆုံးဖြတ်ရန်ပေါ်ပေါက်လာပါက အမှုစစ်ဆေးခြင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းမပြုမီအချိန်အထိ ဆိုင်းငံ့ထားရမည် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်သည် ယင်းအမှုကိစ္စကို ကြားနာပြီးနောက် သုံးသပ်ဆုံးဖြတ်ရမည်ဖြစ်ပြီး ၎င်း၏ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာတရားရုံးသို့ ပေးပို့ရမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် တရားရုံးနှင့် သက်ဆိုင်ရာအမှုသည်များအပေါ်စည်းနှောင်မှုရှိပြီး ယင်းဆုံးဖြတ်ချက်တွင် အမှုနှင့်စပ်ဆိုင်သည့် ဥပဒေ၊ ဆုံးဖြတ်ချက် သို့မဟုတ် ပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိဟု ဆုံးဖြတ်ပါက အဆိုပါဥပဒေ၊ ဆုံးဖြတ်ချက်များကို ယင်းအမှုအတွက်သာ အကျုံးဝင်ပါသည်။[၃၃]

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဥပဒေများကပေးအပ်ထားသည့် အခွင့်အာဏာများကို ပိုမို ကျင့်သုံးခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်းဖြင့် အုပ်ချုပ်ရေးအာဏာပိုင်များ၏ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက် သို့မဟုတ် ပျက်ကွက်မှုများနှင့် စပ်လျဉ်းသည့်တိုင်တန်းချက် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တရားဝင်အကျိုးခံစားခွင့်ရှိသော သို့မဟုတ် တိုက်ရိုက်နစ်နာသည့် လူပုဂ္ဂိုလ်က တင်သွင်းနိုင်ပါသည်။ ယင်းအမှုကို အာဏာပိုင်များ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်မှု များကို စတင်ဆောင်ရွက်သည့် နေ့ရက်မှစ၍လည်းကောင်း၊ ပျက်ကွက်မှုဖြစ်ပါက ထိုပျက်ကွက် မှုရှိကြောင်း သိရှိသည့်နေ့ရက်မှစ၍လည်းကောင်း ၇၅ ရက်အတွင်း တင်သွင်း ရမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်က အဆိုပါ ဆုံးဖြတ်ချက်၊ ဆောင်ရွက်ချက်နှင့် ပျက်ကွက်မှု တို့အပေါ် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ အတည်ပြုခြင်း၊ ပျက်ပြယ်ခြင်းစသည်တို့ကို ချမှတ်နိုင်ပါသည်။ ဆုံးဖြတ်ချက်သည်အာဏာပိုင် အဖွဲ့အစည်းအားလုံးအပေါ်တွင်စည်းနှောင်မှုရှိပါသည်။

၂၇။ နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ တို့သည် ၎င်း၏ရာထူးတာဝန်ကို အမြဲတမ်းဖြစ်စေ၊ ယာယီဖြစ်စေစွမ်းဆောင်နိုင်ခြင်းမရှိခြင်း နှင့်စပ်လျဉ်းသည့်ကိစ္စရပ်အပေါ် ရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်သို့ အဆို တစ်ရပ်တင်သွင်းခွင့်ရှိပါကြောင်းကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၇ တွင်ဖော်ပြထားပါ သည်။

[၃၃] ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၄၄

၂၈။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် လက်မှတ်ရေးထိုးထားသည့် ဇူးရစ်သဘောတူစာချုပ်နှင့် ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် လက်မှတ်ရေးထိုးထားသည့် လန်ဒန်သဘောတူစာချုပ်တို့၏ အနှစ်သာရနှင့် စာသား တို့ကို အလေးထား ကိုးကား၍ ဖွင့်ဆိုရမည်ဖြစ်ပါသည်။

**ဆုံးဖြတ်ချက်နှင့် အကျိုးသက်ရောက်မှု**

၂၉။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်၏ ဆုံးဖြတ်ချက်သည် တရားရုံးများ၊ အဖွဲ့အစည်းများ၊ အာဏာပိုင်များနှင့် လူပုဂ္ဂိုလ်အားလုံးအပေါ်တွင် စည်းနှောင်မှုရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်၏ ဆုံးဖြတ်ချက်များကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတတို့သည်နိုင်ငံတော်ပြန်တမ်းတွင် ချက်ချင်းထုတ်ပြန်ကြေညာရမည်ဖြစ်ပါသည်။

**နိဂုံး**

၃၀။ အချုပ်အားဖြင့်ဆိုရသော် ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်၏ အခန်းကဏ္ဍကို အသေးစိတ်ထည့်သွင်းပြဋ္ဌာန်းထားပါသည်။ သို့ရာတွင် ၁၉၆၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ပြိုကျခဲ့ရသည့်အတွက် ၁၉၆၄ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးချုပ်နှင့် တရားလွှတ်တော်တို့ကို ပေါင်းစည်းကာ တရားရုံးချုပ် (Supreme Court) အဖြစ် ဖွဲ့စည်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များ အပါအဝင် တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်းအား လေ့လာတင်ပြအပ်ပါသည်။

**ရည်ညွှန်းကိုးကားချက်**


- ဆိုက်ပရပ်စ်နိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၆၀ ခုနှစ်)
- Gerhard Robbers, Encyclopaedia of World Constitutions, Cyprus
- https://en.wikipedia.org/wiki/Cyprus